ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

(၂၀၁၉-၂၀၂၃)

ကန့်သတ်

ကန့်သတ်

“လုံခြုံစိတ်ချရသော စီးပွားရေးရပ်ဝန်းသို့”

“Towards the secure Economic Regime”

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

(၂၀၁၉ – ၂၀၂၃)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၃ – ၅ – ၂၀၁၉ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉)၏အတည်ပြုချက်ဖြင့်ထုတ်ပြန်သည်။

ကန့်သတ်

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| • ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ ဥယျောဇဉ် | - |
| • အမျိုးသားအဆင့် မဟာဗျူဟာ(မူကြမ်း) ရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ၏ အာဘော် | - |
| • နိဒါန်း | ၁ |
| • ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် | ၂ |
| • ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု | ၄ |
| • မျှော်မှန်းချက် | ၇ |
| • ရည်မှန်းချက် | ၇ |
| • ရည်ရွယ်ချက် | ၇ |
| • ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ နယ်ပယ်များ | ၈ |
| ▪ မဟာဗျူဟာနယ်ပယ် (၁) | ၉ |
| ▪ မဟာဗျူဟာနယ်ပယ် (၂) | ၁၅ |
| ▪ မဟာဗျူဟာနယ်ပယ် (၃) | ၁၉ |
| ▪ မဟာဗျူဟာနယ်ပယ် (၄) | ၂၅ |
| ▪ မဟာဗျူဟာနယ်ပယ် (၅) | ၃၀ |
| • အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း | ၃၄ |
| • နိဂုံး | ၃၆ |
| • အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (Action Plan) | ၃၇ |

## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏

## ဥယျောဇဉ်

ကမ္ဘာ့နိုင်ငံအသီးသီးတွင်ဖြစ်ပေါ်လျက်ရှိသည့် ခြိမ်းခြောက်မှုများအနက် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်သည့် မှုခင်းများဖြစ်သော မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုတို့သည် အဓိကကျသော ပြဿနာများဖြစ်သော်လည်း ရာဇဝတ်မှုကျူးလွန်သူများသည် အဆိုပါ မှုခင်းများ ကျူးလွန်နိုင်ရန်နှင့် ကျူးလွန်ပြီးရရှိသော အကျိုးအမြတ်များကို ပြန်လည်အသုံးပြုနိုင်ရန်အတွက် ငွေကြေးခဝါချမှုအား မဖြစ်မနေဆောင်ရွက်ရသဖြင့် ငွေကြေးခဝါချမှုသည် ရှေ့တန်းသို့ ရောက်ရှိခဲ့ပါသည်။

ငွေကြေးခဝါချခြင်းဆိုသည်မှာ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများ (ငွေမဲများ)ကို ဥပဒေနှင့်အညီ အရေးယူခြင်းမှ ရှောင်ရှားနိုင်ရန်နှင့် တရားဝင်(ငွေဖြူ)အဖြစ် ထင်မှတ်နိုင်စေရန်အတွက် တရားမဝင်ရရှိထားသော ငွေကြေးနှင့်ပစ္စည်းများ၏ မူလဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ တည်နေရာ၊ ပုံသဏ္ဍာန်တို့ကိုဖုံးကွယ်ရန်(Concealing)သို့မဟုတ် အသွင်ပြောင်းလဲရန်(Disguising)၊ ရည်ရွယ်၍ ပြောင်းလဲခြင်း(Conversion) သို့မဟုတ် လွှဲပြောင်းခြင်း(Transfer) ပြုလုပ်မှုများကို ဆိုလိုပါသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Funds– IMF) ၏ ခန့်မှန်းတွက်ချက်မှုအရ တစ်နှစ်လျှင်ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုး (Global GDP) ၏ ၂ ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၉၀၀ ဘီလီယံခန့်)သည် ငွေကြေးခဝါချမှု ကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များဖြစ်သည်ဟု ခန့်မှန်းခဲ့ကြပါသည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime – UNODC) ၏ ခန့်မှန်းတွက်ချက်မှုအရ တစ်နှစ်လျှင်ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုး (Global GDP) ၏ ၃.၆ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၂.၁ ထရီလီယံခန့်သည် အခွန်တိမ်းရှောင်မှုမှအပ အခြားသောပြစ်မှု ကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ (Proceeds of Crime – POC) ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုး (Global GDP)၏ ၂.၇ ရာခိုင်နှုန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁.၆ ထရီလီယံခန့်ကို ငွေကြေးခဝါချခဲ့ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုး (Global GDP) ၏ ၁.၅ ရာခိုင်နှုန်းမှာ နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်သည့် မူးယစ်ဆေးဝါးမှောင်ခိုမှု၊

အတုပြုလုပ်မှု၊ လူကုန်ကူးမှုနှင့် လက်နက်ငယ်မှောင်ခိုမှုများမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများဖြစ်ပြီး ထိုပမာဏ၏ ၇၀ ရာခိုင်နှုန်းကို ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို အသုံးပြု၍ ငွေကြေးခဝါချခဲ့ကြောင်း၊ တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများမှ တစ်ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ငွေကြေးစီးဆင်းမှု၏ ၁ ရာခိုင်နှုန်းအောက်ကိုသာ သိမ်းဆည်းနိုင်ခဲ့သည်ဟု ခန့်မှန်းခဲ့ပါသည်။

ရာဇဝတ်ပြစ်မှု ကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေလုံးငွေရင်းများစွာဖြင့် ပြည်တွင်းပြည်ပ တရားဝင်စီးပွားရေး ဈေးကွက်များသို့ ဝင်ရောက်နိုင်မှုကြောင့် စီးပွားရေးမတည်မငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှုများဖြစ်စေခြင်း၊ တရားမဝင်စီးပွားရေးဈေးကွက်များတွင်လည်းဝင်ရောက်နိုင်သည့်အတွက် လူမှုရေးကဏ္ဍများ၊ ယဉ်ကျေးမှုကဏ္ဍများ ပျက်စီးစေခြင်းနှင့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကို ထိခိုက်စေနိုင်သဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့အပြင် နိုင်ငံခြားငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုများကိုလည်း အဟန့်အတားများ ဖြစ်ပေါ်စေနိုင်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ၁၉၉၁ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်း တိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Illicit Traffic in Narcotic Drugs and Psychotropic Substances(Vienna)) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ခြင်းမှအစပြု၍ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုများအား အရေးယူရန် စတင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

ထို့အပြင် ၂၀၀၄ ခုနှစ်၌ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Transnational Organized Crime – UNCTOC) နှင့် ၂၀၁၂ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention against Corruption – UNCAC) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပါသည်။

ထို့အတူ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ် (၁၉)ခု ရှိသည့်အနက် (၁၃)ခုကို ဝင်ရောက်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (International Convention for the Suppression of the Financing of Terrorism)သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် လူအများအပြား သေကြေစေသောလက်နက်များ ပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့်မဟာဗျူဟာတစ်ရပ် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ ပူးပေါင်းပါဝင်မှုဖြင့် အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃) ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည့် ကွန်ဗင်းရှင်းများ၊ ပြည်တွင်းဥပဒေများနှင့်အညီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကြေစေသော လက်နက်များ ပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီး ဖြစ်သောကြောင့် အစိုးရဌာန အဖွဲ့အစည်းအသီးသီးနှင့် ပုဂ္ဂလိက အခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး အမျိုးသားအဆင့်မဟာဗျူဟာကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌ

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

ကန့်သတ်

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(မူကြမ်း)ရေးဆွဲရေးကော်မတီ**

**ဥက္ကဋ္ဌ၏ အာဘော်**

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ (Anti–Money Laundering Central Body – AMLCB)သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti–Money Laundering and Countering the Financing of Terrorism)ကို ပိုမိုခိုင်မာ အားကောင်းစေရန်အတွက် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ(၅)နှစ်တာ ကာလ အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား အဆင့် မဟာဗျူဟာ (National Strategy on AML/CFT)တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အမျိုးသားအဆင့် မဟာဗျူဟာကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနယ်ပယ်ရှိ အစိုးရဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးချက်များ၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ( International Monetary Funds – IMF)၏ နည်းပညာအကူအညီများ၊ အာရှ–ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia–Pacific Group on Money Laundering – APG)၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်မှ တွေ့ရှိချက်များ၊ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်မှ အကဲဖြတ်တွေ့ရှိချက်များအပေါ် အခြေခံ၍ ရေးဆွဲထားပါသည်။

မဟာဗျူဟာတွင် ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများကဏ္ဍ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကဏ္ဍ၊ သတင်းပို့အဖွဲ့အစည်းများကဏ္ဍ၊ ကြီးကြပ်ရေးအာဏာပိုင်ကဏ္ဍ၊ နယ်စပ်လုံခြုံရေးကဏ္ဍများ၏ ဥပဒေမူဘောင်၊စွမ်းရည်မြှင့်တင်ရေး၊ ကြီးကြပ်မှုဆိုင်ရာအရင်းအမြစ်များ၊ ပူးပေါင်း ဆောင်ရွက်မှုများစသည်တို့ ပါဝင်ပါသည်။ အမျိုးသားအဆင့် မဟာဗျူဟာရည်မှန်းချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည် ဖော်မည့် လုပ်ငန်းစီမံချက် (Action Plan)တွင် ဖော်ပြထားသည့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားရန် အထူးလိုအပ်ပါသည်။

အမျိုးသားအဆင့်မဟာဗျူဟာကို အစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ
အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲရေးကော်မတီ

ကန့်သတ်

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ

# (၂၀၁၉ – ၂၀၂၃)

## နိဒါန်း

၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဖြစ်ရပ်များသည် ကမ္ဘာနှင့်အဝှမ်းတွင် ပြည်သူ့ဘဝလုံခြုံရေးကို ထိခိုက်စေခြင်း၊ ပြည်သူလူထု ဆူပူအုံကြွမှုကိုဖြစ်ပေါ်စေခြင်း၊ ဆင်းရဲချမ်းသာကွာဟမှုကြီးမားစေခြင်းစသည့် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။ ယေဘုယျအားဖြင့် ငွေကြေးခဝါချရာတွင် အသုံးပြုသည့် ငွေအရင်းအမြစ်များသည် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ လက်နက်မှောင်ခိုမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှု၊ ပြန်ပေးဆွဲမှု၊ ကုန်ပစ္စည်းမှောင်ခိုမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာစေမှုများအပါအဝင် အခြားမှုခင်းများအား ကျူးလွန်ခြင်းများမှ ရရှိခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ရရှိလာသော ငွေကြေးများအား ခဝါချခြင်း၊ ယင်းငွေကြေးများဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းတို့အား ထောက်ပံ့ခြင်းသည် နိုင်ငံ့စီးပွားရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးတို့ကို ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပါသည်။

၂။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်မှစ၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများသည် ငွေရေးကြေးရေးကဏ္ဍများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာတစ်ဝှမ်းတွင် ကျယ်ပြန့်လာခဲ့ပါသည်။ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးများနှင့် အကြမ်းဖက်မှုကို ထောက်ပံ့မည့်ငွေကြေးများကို တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ လွှဲပြောင်းခြင်း၊ ပြောင်းလဲခြင်းများ ဆောင်ရွက်ရန် အတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကို အသုံးပြုသည့်အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ငွေရေးကြေးရေးစနစ် ဖွံ့ဖြိုးတိုးတက်ဆဲ အခြေအနေကို အခွင့်ကောင်းယူ၍ အသုံးပြုရန် ကြိုးပမ်းခဲ့ကြပါသည်။

၃။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်တည်ရှိပြီး အိမ်နီးချင်းနိုင်ငံများဖြစ်သော အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ အရှေ့တောင်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့်ထိစပ်လျက်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်မှစ၍ ဒီမိုကရေစီနိုင်ငံသို့ အသွင်ကူးပြောင်းခဲ့ပြီးနောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြားဘဏ်များ ဝင်ရောက်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့ ငွေရေးကြေးရေးစနစ်

ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုအပေါ် ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကြေစေသော လက်နက်များပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှုများလည်း ဖြစ်ပေါ်လာစေနိုင်ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ဘဝလုံခြုံမှုရှိစေရန်၊ ပြည်သူလူထုဆူပူအုံကြွမှုများ မဖြစ်စေရန်၊ လူသားဂုဏ်သိက္ခာထိခိုက်မှုများမဖြစ်စေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတားမဖြစ်စေရန်၊ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းစေရန်နှင့် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကြေစေသော လက်နက်များပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့ကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ ထို့အတူ **"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP)"**၏ မဏ္ဍိုင် (၂)၊ မဟာဗျူဟာ ၃.၅.၇ တွင် ဖော်ပြပါရှိသော **"ငွေကြေးခဝါချခြင်း၊ အကြမ်းဖက်မှုနှင့် အခြားသော မသမာသည့်နည်းလမ်းများကို ရန်ပုံငွေထောက်ပံ့ခြင်း စသည်တို့ကို ဆန့်ကျင်နိုင်သည့် ငွေရေးကြေးရေးစနစ် အားကောင်းခိုင်မာစေရန်"** ဆိုသည့် ရည်မှန်းချက်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရာရောက်မည်ဖြစ်ပါသည်။ အမျိုးသားအဆင့်မဟာဗျူဟာသည် ဥပဒေ၊ အဖွဲ့အစည်း၊ ကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးပိုင်းဆိုင်ရာမူဘောင်များ ပိုမိုခိုင်မာအောင် တည်ဆောက်မည့်အပြင် ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်**

၆။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ၁၉၉၁ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများတရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ခြင်းမှ အစပြု၍ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ခြင်းမှ ရရှိသောအကျိုးအမြတ်များကို ဖုံးကွယ်ခြင်း၊ အသွင်ပြောင်းလဲခြင်း၊ ဖျောက်ဖျက်ခြင်းတို့ကို ဖော်ထုတ်အရေးယူသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁၇ ရက်တွင် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများအဖြစ် ပြစ်မှု(၃၁)မျိုး သတ်မှတ်ကာ အဆိုပါပြစ်မှုများ ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများကိုပြောင်းလဲခြင်း၊ ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် အသွင်ပြောင်းလဲခြင်းပြုလုပ်မှုတို့အပေါ် အရေးယူခဲ့ပါသည်။ ငွေကြေးခဝါချမှု

နှင့်သက်ဆိုင်သည့် တန်ဖိုးပမာဏသည် မည်မျှပင်ဖြစ်စေကာမူ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများကို တရားဝင်ငွေကြေး သို့မဟုတ် ပစ္စည်းအဖြစ် ပြောင်းလဲခြင်းများ ပြုလုပ်လျှင် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေအရ အရေးယူရမည်ဟု ပြဋ္ဌာန်းခဲ့ပါသည်။

၇။ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၆ အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ အရေးယူဆောင်ရွက်ခြင်း၊ ဥပဒေအရအရေးယူဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့ကို ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့သည် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် အမိန့်အမှတ် (၃/၂၀၀၄)ဖြင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit – FIU)အား ဖွဲ့စည်းတာဝန်ပေးအပ်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ထူထောင်ပြီး ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၈။ ယင်းနောက် ၂၀၀၂ ခုနှစ် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအဖြစ် အသစ်ပြင်ဆင်ရေးဆွဲခဲ့ပြီး ဥပဒေအသစ်နှင့်အညီ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) တို့ကို ပြင်ဆင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၉။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခြင်း၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်တွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများကို

ထုတ်ပြန်ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း စသည်ဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးစနစ်တစ်ရပ်ကို ထူထောင်ထားရှိပါသည်။

၁၀။ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဓိကအားဖြင့် အောက်ပါဥပဒေများဖြင့် ကိုင်တွယ်ကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည် -

(က) တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ (၂၀၀၂)နှင့် နည်းဥပဒေများ (၂၀၀၃)၊

( ခ ) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄)နှင့် နည်းဥပဒေများ(၂၀၁၅)၊

( ဂ ) အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ (၂၀၁၄)၊

(ဃ) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများ (၂၀၁၅)၊

( င ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ (၁၉၉၃)နှင့် နည်းဥပဒေများ (၁၉၉၅)၊

( စ ) ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေ (၂၀၀၄)နှင့် နည်းဥပဒေများ (၂၀၀၅)၊

( ဆ ) တရားခံလွှဲပြောင်းရေးဥပဒေ (၂၀၁၇)။

**ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု**

၁၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအခန်း(၄)၊ ပုဒ်မ ၇(ဂ)အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု (Money Laundering and Financing of Terrorism– ML/FT)နယ်ပယ်နှစ်ရပ်စလုံးတွင် ရှိနေနိုင်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ကို အကဲဖြတ်ခြင်းဆောင်ရွက်ရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

၁၂။ ကော်မတီသည် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းစဉ်ကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ နည်းပညာအကူအညီဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလမှ စတင် ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ အကဲဖြတ်မှုနည်းစနစ် (IMF Fund Staff's Assessment Methodology)ကို အသုံးပြု၍ လုပ်ငန်းစဉ်(၈)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှုနည်းစနစ်သည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှု (Threats)များနှင့် အားနည်းချက်(Vulnerabilities)များကို ခွဲခြမ်းစိတ်ဖြာပေါင်းစပ်ရာမှ ရရှိလာသော ဖြစ်နိုင်ခြေ(Likelihood) အဆင့်ကို ဖော်ထုတ်တွက်ချက်ပြီး အကျိုးဆက် (Consequences)များနှင့် ချိန်ညှိ၍ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်အဆင့် အနိမ့်/အမြင့်ကို တိုင်းတာသည့်နည်းလမ်းဖြစ်ပါသည်။

၁၃။ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းစဉ်မှ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်အဆင့်ကို မြင့်သည် 'Higher' ဟုအကဲဖြတ်ရရှိခဲ့ပါသည်။



၁၄။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှုဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ အခွန်တိမ်းရှောင်မှု၊ အခြားအခွန်ဆိုင်ရာပြစ်မှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုတို့ ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်းများ (Proceeds of Crime –POC) အများဆုံးဖြစ်ကြောင်း အကဲဖြတ်ဖော်ထုတ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု၊ ကုန်ပစ္စည်းအတုပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှုတို့မှ ဒုတိယအများဆုံးဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၁၅။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်များအရ ငွေကြေးခဝါချမှုဆိုင်ရာ အသားတင်ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိသည့် အဓိကကဏ္ဍ (Sectors)များအဖြစ် ဘဏ်လုပ်ငန်းကဏ္ဍများ (Banking Sectors)၊ ဥပဒေရေးရာပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်း (Legal Person–LP)၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Designated Non –Financial Business and Professions –DNFBPs)နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ (Money Services Business–MSB) ဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၁၆။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အသားတင်ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိသည့် အဓိကကဏ္ဍ(Sector)များအဖြစ် ဘဏ်လုပ်ငန်းကဏ္ဍများ (Banking Sectors)၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ (Money Service Businesses –MSB)နှင့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (Designated Non–Financial Businesses and Professions–DNFBPs)များဖြစ်ကြောင်း ဖော်ထုတ်ရရှိခဲ့ပါသည်။

၁၇။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအား ၁၂–၇–၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၈)ဖြင့် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်အစီရင်ခံစာအား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ အင်တာနက်စာမျက်နှာဖြစ်သော https://mfiu.gov.mm/ nra–executive–summary–report တွင် လွှင့်တင်ထားရှိပါသည်။

၁၈။ မဟာဗျူဟာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာပါတွေ့ရှိချက်များနှင့် အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာပါ အကဲဖြတ်ချက်ရလဒ်များကို အခြေခံ၍ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့နည်းစေရေးအတွက် အန္တရာယ်အခြေပြုချဉ်းကပ်ခြင်းဖြင့် ဆောင်ရွက်မည့် မဟာဗျူဟာအစီအစဉ်များကို ဖော်ပြထားရှိပါသည်။

**မျှော်မှန်းချက်**

၁၉။ ငွေကြေးခဝါချမှုနှင့် ၎င်း၏မူလပြစ်မှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ခြင်း၊ စုံစမ်းထောက်လှမ်းခြင်း၊ နှိမ်နင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုအသိုက်အဝန်းကို ဒုစရိုက်သမားများနှင့် အကြမ်းဖက်သမားများ၏ရန်မှ ကာကွယ်တားဆီးနိုင်ရန်။

**ရည်မှန်းချက်**

၂၀။ မဟာဗျူဟာ၏ အဓိကရည်မှန်းချက်မှာ ပြည်တွင်းနှင့် နိုင်ငံတကာငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့ကို ထိရောက်စွာ ဟန့်တား၊ ဖော်ထုတ်၊ တိုက်ဖျက်နိုင်ရန်အတွက် ကဏ္ဍအလိုက် စည်းမျဉ်းကြီးကြပ်မှုများ၊ အရည်အသွေးရှိသော ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းချက် အစီရင်ခံစာများ၊ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းစွမ်းရည်များနှင့် ထိရောက်မှုရှိသော ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများအပါအဝင် ပြစ်မှုတရားစီရင်ရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂၁။ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေမူဘောင်များ တောင့်တင်းခိုင်မာစေရန်၊

( ခ ) အဖွဲ့အစည်းမူဘောင်များ တောင့်တင်းခိုင်မာစေရန်၊

( ဂ ) တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန်၊

(ဃ) ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ တိုးမြှင့်လုပ်ဆောင်ရန်၊

( င ) ထိရောက်မှုရှိသော ပြစ်မှုတရားစီရင်ရေးစနစ်တစ်ရပ်ပေါ်ထွန်းလာစေရန်၊

( စ ) ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊

(ဆ) အသိပညာမြှင့်တင်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာကဏ္ဍများ၏ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်၊

( ဇ ) အရင်းအမြစ်များ ဖြည့်ဆည်းနိုင်ရန်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာနယ်ပယ်များ**

၂၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ၏ ရည်မှန်းချက်များ ပြည့်မီစေရန် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း မဟာဗျူဟာနယ်ပယ်(၅)ရပ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **မဟာဗျူဟာနယ်ပယ်(၁)။** ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို ဖော်ထုတ်ရရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး၊

( ခ ) **မဟာဗျူဟာနယ်ပယ်(၂)။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေး၊

( ဂ ) **မဟာဗျူဟာနယ်ပယ်(၃)။** ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့်ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေး၊

(ဃ) **မဟာဗျူဟာနယ်ပယ် (၄)။** ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုဆိုင်ရာ မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်အကျိုးအမြတ်များကို နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် ပတ်သက်သည့်စွမ်းရည်များ မြှင့်တင်ရေး၊

( င ) **မဟာဗျူဟာနယ်ပယ် (၅)။** ပြည်တွင်း၊ပြည်ပ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေး၊

## မဟာဗျူဟာနယ်ပယ် (၁)

**ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို ဖော်ထုတ်ရရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး**

**စိန်ခေါ်မှုများ**

၂၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ မူလနှင့် အဓိက လုပ်ငန်းတာဝန် (Core & Key Functions) များကို ရှင်းလင်းစွာ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းများကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန် အထူးစုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ ပိုမိုတိုးတက် ဖော်ထုတ်နိုင်ရန် အတွက် ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သည့် ပြစ်မှုများအလိုက် သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ဥပဒေမူဘောင်များအား လိုအပ်သည့် ပြင်ဆင်သုံးသပ်မှုများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ သတင်းပို့အဖွဲ့အစည်းများအပေါ် စည်းမျဉ်းကြီးကြပ်မည့် ကြီးကြပ်ရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ မူဝါဒများတိုးတက်ခိုင်မာရန် လိုအပ်ပါသည်။

**မဟာဗျူဟာရည်မှန်းချက် ၁.၁**

၂၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ရန်–

(က) **မဟာဗျူဟာအစီအစဉ်၁.၁.၁။** ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက်များ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက်အစီရင်ခံစာ (MER)၊ အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက်အစီရင်ခံစာ (NRA)များနှင့်အညီ သုံးသပ် ပြင်ဆင်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၁.၂။** ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊

**မဟာဗျူဟာရည်မှန်းချက် ၁.၂**

၂၅။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသောငွေကြေးနှင့် ပစ္စည်းများသိမ်းဆည်းခြင်းအား ပိုမိုထိရောက်စေရန်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ဥပဒေမူဘောင်များ တိုးတက်ခိုင်မာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၁.၂.၁။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCAC)နှင့်အညီ ပြင်ဆင်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၂.၂။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၁.၂.၃။** သစ်တောနည်းဥပဒေများရေးဆွဲ ပြဋ္ဌာန်းခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၁.၂.၄။** သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးနည်းဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၁.၂.၅။** အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

( စ ) **မဟာဗျူဟာအစီအစဉ် ၁.၂.၆။** အခွန်ထမ်းလိုက်နာဆောင်ရွက်မှု တိုးတက်ရေး မဟာဗျူဟာရေးဆွဲခြင်း၊

(ဆ) **မဟာဗျူဟာအစီအစဉ် ၁.၂.၇။** ဝင်ငွေခွန်ဥပဒေအသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

( ဇ ) **မဟာဗျူဟာအစီအစဉ် ၁.၂.၈။** အကောက်ခွန်ဥပဒေ လုပ်ထုံးလုပ်နည်းများ သုံးသပ်ပြင်ဆင်ခြင်း၊

(ဈ) **မဟာဗျူဟာအစီအစဉ် ၁.၂.၉။** လောင်းကစားဥပဒေကို သုံးသပ်ပြင်ဆင်ခြင်း၊

(ည) **မဟာဗျူဟာအစီအစဉ် ၁.၂.၁၀။** သက်ဆိုင်ရာဌာနအလိုက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကျင့်ဝတ်များ ပြုစုထုတ်ပြန်ခြင်း၊

(ဋ) **မဟာဗျူဟာအစီအစဉ်၁.၂.၁၁။** မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်ရေးမဟာဗျူဟာ မူဘောင်များ ချမှတ်ခြင်း၊

(ဌ) **မဟာဗျူဟာအစီအစဉ် ၁.၂.၁၂။** မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ရေးဆွဲခြင်း၊

(ဍ) **မဟာဗျူဟာအစီအစဉ် ၁.၂.၁၃။** လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအား သုံးသပ် ပြင်ဆင်ရေးဆွဲခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၃**

၂၆။ အကြွမ်းဖက်မှုနှင့် အကြွမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ခိုင်မာစေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၁.၃.၁။** အကြွမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၁.၃.၂။** အကြွမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၁.၃.၃။** ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၄**

၂၇။ ပြည်တွင်း/ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဥပဒေ မူဘောင်များ တိုးတက် ခိုင်မာစေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၁.၄.၁။** ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် ပြည်တွင်း/ပြည်ပ မိတ်ဖက် အဖွဲ့အစည်းများနှင့် AML / CFT ကြီးကြပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းစသည့် လုပ်ပိုင်ခွင့်တာဝန်များ အပ်နှင်းမည့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၄.၂။** ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ချက်အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အားနည်းချက်များကို ပြန်လည် သုံးသပ်၍ လိုအပ်ပါက ဥပဒေကို ပြင်ဆင်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၁.၄.၃။** ပြစ်မှုဆိုင်ရာကိစ္စရပ်များ အပြန်အလှန် အကူအညီပေးရေးကိစ္စများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မူဝါဒများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၅**

၂၈။ သတင်းပို့အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ တိုးတက်ခိုင်မာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၁.၅.၁။** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သတင်းပေးပို့ရမည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်စေရန်အတွက် ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (DNFBPs) များအား လိုအပ်သလို သတင်းပို့အဖွဲ့အစည်းအဖြစ် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၅.၂။** ဆိုးရွားနိုင်ခြေအန္တရာယ်မြင့်သော နိုင်ငံများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD)ဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၁.၅.၃။** ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုနှင့် ငွေစာရင်းများကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးမည့် လုပ်ထုံးလုပ်နည်းများ သုံးသပ်ပြင်ဆင်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၁.၅.၄။** ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ကဏ္ဍအလိုက် လက်တွေ့ဆောင်ရွက်နိုင်မည့် အဆင့်များနှင့် အသေးစိတ်ဖော်ပြချက်များပါဝင်သည့် လမ်းညွှန်ချက် ထုတ်ပြန်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၆**

၂၉။ ကြီးကြပ်ရေးအာဏာပိုင်များ၏ သတင်းပို့အဖွဲ့အစည်းများအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းကြီးကြပ်ရေးမူဘောင်များ တိုးတက်ခိုင်မာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၁.၆.၁။** သတင်းပို့အဖွဲ့အစည်း အားလုံးအတွက် ကြီးကြပ်ရေးအာဏာပိုင်များ ခန့်အပ်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၆.၂။** ကြီးကြပ်ရေးအာဏာပိုင်များအကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ကြီးကြပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းသော မူဝါဒတစ်ရပ်ထုတ်ထောင်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၁.၆.၃။** ကြီးကြပ်ရေးအာဏာပိုင်များ၏နယ်ပယ်အလိုက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု ကြီးကြပ်စစ်ဆေးရေးလက်စွဲပြုစုခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၁.၆.၄။** အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁)ကို ပြင်ဆင်ခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၁.၆.၅။** အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (၁၉၉၆) ကို ပြင်ဆင်ခြင်း၊

( စ ) **မဟာဗျူဟာအစီအစဉ် ၁.၆.၆။** ငွေတိုးချစားသူများဥပဒေအသစ် ရေးဆွဲ ပြဋ္ဌာန်းခြင်း၊

(ဆ) **မဟာဗျူဟာအစီအစဉ် ၁.၆.၇။** ကာစီနိုလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ/ အမိန့်များ ထုတ်ပြန်ခြင်း၊

( ဇ ) **မဟာဗျူဟာအစီအစဉ် ၁.၆.၈။** အိမ်ခြံမြေဥပဒေတွင် ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့် အညီ ထည့်သွင်းခြင်း၊

( ဈ ) **မဟာဗျူဟာအစီအစဉ် ၁.၆.၉။** မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းဥပဒေ သုံးသပ် ပြင်ဆင်ခြင်း၊

(ည) **မဟာဗျူဟာအစီအစဉ် ၁.၆.၁၀။** ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိန်းချုပ်ရေးနိုင်ရေး တင်းကြပ်စွာဆောင်ရွက်မည့် ဥပဒေများကို အခါအားလျော်စွာ ပြင်ဆင်ရေးဆွဲခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၇**

၃၀။ ဥပဒေရေးရာပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ ပွင့်လင်းမြင်သာမှုရှိစေရန်-

**မဟာဗျူဟာအစီအစဉ် ၁.၇.၁။** အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ ဖော်ထုတ်ခြင်း (Identification)၊ အတည်ပြုစိစစ်ခြင်း(Verification)၊ ထိန်းသိမ်းခြင်းနှင့် ပေးအပ်ခြင်းဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၈**

၃၁။ ဘဏ်လုပ်ငန်းစနစ်ကို ပြည်သူလူထုများ ကျယ်ပြန့်စွာအသုံးပြုလာစေခြင်းဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှုများ စောင့်ကြပ် ကြည့်ရှုနိုင်စေရန်-

**မဟာဗျူဟာအစီအစဉ် ၁.၈.၁။** ငွေပေးချေခြင်းကို ပမာဏတစ်ခုသတ်မှတ်ပြီး ယင်းထက်ကျော်လွန်ပါက ငွေပေးချေရာတွင် ဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုစေရေးအတွက် စည်းမျဉ်းမူဘောင်များချမှတ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၉**

၃၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများမှ ပိုမိုသိရှိ နားလည်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၁.၉.၁။** အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များအား သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အသိပညာဖြန့်ဝေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၁.၉.၂။** အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်များအား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် (၅)နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၁.၉.၃။** အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်များကို အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၁.၁၀**

၃၃။ တရားမဝင် ငွေလွှဲလုပ်ငန်းများကို အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျှော့နည်းကျဆင်းစေရန်-

**မဟာဗျူဟာအစီအစဉ် ၁.၁၀.၁။** တရားမဝင်ငွေလွှဲလုပ်ငန်းများပပျောက်စေရန် စည်းကမ်းသတ်မှတ်ချက်များ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းလိုင်စင်များချမှတ်ပြီး စနစ်တကျ စိစစ်ကြပ်မတ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

## မဟာဗျူဟာနယ်ပယ်(၂)

## ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး

**စိန်ခေါ်မှုများ**

၃၄။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ်များအရ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် လက်ခံရရှိသည့် သတင်းပို့ချက်များ စိစစ်နိုင်မှုနည်းပါးခြင်း၊ စိစစ်ချက်ရလဒ်များ ဖြန့်ဝေမှုနည်းပါးခြင်း၊ ကျွမ်းကျင်သူဝန်ထမ်းဦးရေ နည်းပါးခြင်း၊ နည်းပညာ (IT) အရင်းအမြစ်များနည်းပါးခြင်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ပို့ချရန် လိုအပ်လျက်ရှိခြင်းတို့တွေ့ရှိရပါသည်။ ထို့အပြင် သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့သော သံသယဖြစ်ဖွယ် လွှဲပြောင်း ဆောင်ရွက်မှု သတင်းပို့ချက်များ လက်ခံရရှိမှု နည်းပါးခြင်း၊ အရည်အသွေး အားနည်းခြင်းကြောင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အနေဖြင့် အရည်အသွေးရှိသည့် စိစစ်ချက်ရလဒ်များ ဖြန့်ဝေနိုင်ခြင်း

မရှိကြောင်း တွေ့ရှိရပါသည်။ ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့ အဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းမည့် လုပ်ငန်းယန္တရားတစ်ရပ် ဖော်ဆောင်ရန် လိုအပ်ပါသည်။

**မဟာဗျူဟာရည်မှန်းချက် ၂.၁**

၃၅။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့အား ခေတ်မီပြီး စွမ်းရည်ပြည့်ဝသည့် အဖွဲ့အစည်း ဖြစ်အောင် ဖွဲ့စည်းတည်ထောင်ရန်-

(က) **မဟာဗျူဟာအစီအစဉ် ၂.၁.၁။** ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား စနစ်တကျ ပြင်ဆင်ဖွဲ့စည်းနိုင်ရန် အတွက် ဖွဲ့စည်းပုံရေးဆွဲဆောင်ရွက်ရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၂.၁.၂။** ဖွဲ့စည်းပုံအင်အားအတိုင်း သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများဖြင့် အင်အားဖြည့်တင်း ခန့်ထားနိုင်ရေး စီမံ ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၂.၂**

၃၆။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းပို့ချက်များလက်ခံမှုစနစ် ပိုမိုတိုးတက်စေရန်နှင့် သတင်းပို့အဖွဲ့အစည်းများမှ ပေးပို့သော သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက် (STR) အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၂.၂.၁။** စိစစ်ခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ဆက်သွယ်တောင်းခံရာတွင် မြန်ဆန်စေရန်အတွက် သတင်းပို့အဖွဲ့အစည်းများ၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ညွှန်ကြားချက် ထုတ်ပြန်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၂.၂.၂။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် (Data-Based System)များကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သည့် အဆင့်မြှင့်တင်မှုများပြုလုပ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၂.၂.၃။** သတင်းပို့အဖွဲ့အစည်းများအား သတင်းပို့ရန် သတ်မှတ်ထားသည့် ပုံစံများဖြည့်စွက်မှုနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၂.၃**

၃၇။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းပို့ချက်များ လက်ခံစိစစ်သည့် လုပ်ငန်းများ ပိုမိုတိုးတက်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၂.၃.၁။** လက်ရှိတာဝန်ပေးအပ်ထားသူများအား သတင်းပို့ချက်များ စိစစ်ခြင်းနှင့် မဟာဗျူဟာမြောက် စိစစ်ခြင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၂.၃.၂။** စိစစ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များအား စံပြုလုပ်ငန်းစဉ်များအတိုင်း လိုက်နာအကောင်အထည် ဖော်ခြင်း၊ အခါအားလျော်စွာ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၂.၃.၃။** အီလက်ထရောနစ်နည်းဖြင့် စိစစ်နိုင်မည့် အရင်းအမြစ်များ ထူထောင်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၂.၄**

၃၈။ စိစစ်ချက်ရလဒ် ဖြန့်ဝေခြင်းလုပ်ငန်းများ ပိုမိုတိုးတက်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၂.၄.၁။** သက်ဆိုင်ရာဌာနအဖွဲ့အစည်းများထံ သတင်းပို့ချက်များ စိစစ်မှုရလဒ်ဖြန့်ဝေထားရှိမှု မှတ်တမ်း မှတ်ရာများ စနစ်တကျထားရှိနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၂.၄.၂။** သတင်းပို့အဖွဲ့အစည်းများအား သတင်းပို့ချက် အရည်အသွေးဆိုင်ရာတုံ့ပြန်ချက် (Feedback) များပေးပို့ရန် ညှိနှိုင်းကြပ်မတ် ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၂.၅**

၃၉။ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၂.၅.၁။** ဆက်ဆံရေးအရာရှိများ သတ်မှတ်တာဝန်ပေးအပ်ခြင်းနှင့် ပုံမှန်ဆက်သွယ်မှုများ ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၂.၅.၂။** ကြီးကြပ်ရေးအာဏာပိုင်များထံ သတင်း ပို့ချက်ပုံစံများ ပြည့်စုံစွာဖြည့်စွက်ပေးပို့နိုင်ရေး ညွှန်ကြားချက်ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၂.၅.၃။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းများ အနည်းဆုံး (၃)လ တစ်ကြိမ်တွေ့ဆုံ၍ သတင်းပို့ချက်များ အရည်အသွေး ပြည့်ဝစေရေး ဆွေးနွေး ညှိနှိုင်းခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၂.၅.၄။** သတင်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် (Data-Based System)နှင့် အခြားခေတ်မီ နည်းပညာပစ္စည်းများ အသုံးပြုနိုင်ရေး လုပ်ငန်းစနစ်များ ချမှတ်ဆောင်ရွက်ခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၂.၅.၅။** ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များအကြား နားလည်မှုစာချွန်လွှာ တိုးမြှင့်ရေးထိုး ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၂.၆**

၄၀။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆက်စပ်ဌာနများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ မြှင့်တင်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၂.၆.၁။** ကြီးကြပ်ရေးအာဏာပိုင်များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၂.၆.၂။** သတင်းပို့အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၂.၆.၃။** တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ မြှင့်တင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

## မဟာဗျူဟာ နယ်ပယ်(၃)

## ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး

**စိန်ခေါ်မှုများ**

၄၁။ သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်မှု နည်းပါးခြင်း၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်ရယူနိုင်မှု အားနည်းခြင်း၊ မှတ်တမ်းထိန်းသိမ်းမှု အားနည်းခြင်း၊ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ချက်များ နည်းပါးခြင်းနှင့် ထိရောက်မှုမရှိခြင်းကြောင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုများ ဖော်ထုတ် စိစစ်မှု၊ ကွင်းဆင်းစစ်ဆေးမှုများ နည်းပါးခြင်း၊ နိုင်ငံခြားလုပ်ငန်းခွဲများနှင့် လက်အောက်ခံ လုပ်ငန်းခွဲများအတွက် စည်းမျဉ်းချမှတ်ခြင်း၊ ကြီးကြပ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းများ အားနည်းကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဆုံးရှုံးနိုင်ခြေအန္တရာယ်နှင့် ကိုက်ညီသည့် မူဝါဒများ၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် လိုအပ်ပါသည်။

**မဟာဗျူဟာရည်မှန်းချက် ၃.၁**

၄၂။ သတင်းပို့အဖွဲ့အစည်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပေးပို့မှုများ ပိုမို အားကောင်းလာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၃.၁.၁။** သတင်းပေးပို့မှုများအား သတ်မှတ်ကာလအတွင်း အချိန်မီဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၃.၁.၂။** သတင်းပေးပို့သည့်စနစ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် အသိပညာများဖြန့်ဝေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၃.၁.၃။** တာဝန်ခံဆောင်ရွက်နေသောအဖွဲ့များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိများ၊ အသင်းဖွဲ့စည်းမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

(ဃ) **မဟာဗျူဟာအစီအစဉ် ၃.၁.၄။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU)ထံ နယ်စပ်ဖြတ်ကျော် ငွေသား သယ်ဆောင်မှု သတင်းပို့ချက်များ တိုးမြှင့် ပေးပို့နိုင်ရေး စီမံဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၃.၂**

၄၃။ သတင်းပို့အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (CDD) လုပ်ငန်းများ၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (BO) ဆိုင်ရာ သတင်းအချက်အလက်ရယူခြင်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၃.၂.၁။** တာဝန်နှင့် လုပ်ပိုင်ခွင့်များ တိုးမြှင့် သတ်မှတ်မည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၃.၂.၂။** အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ ရယူခြင်းအပါအဝင် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD)လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးမည့်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၃.၂.၃။** ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD) လိုက်နာဆောင်ရွက်မှု/ပျက်ကွက်မှု များအပေါ် ထိရောက်ဟန့်တားသည့် စီမံခန့်ခွဲရေးနည်းလမ်း သို့မဟုတ် ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်း။

(ဃ) **မဟာဗျူဟာအစီအစဉ် ၃.၂.၄။** အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို ပိုမိုရယူနိုင်ရန်အတွက် ဖော်ထုတ်ခြင်း(Identification)၊ အတည်ပြုစိစစ်ခြင်း (Verification)နှင့် မှတ်တမ်းထိန်းသိမ်းခြင်း (Record Keeping)များ တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) **မဟာဗျူဟာအစီအစဉ် ၃.၂.၅။** အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များ ဖော်ထုတ်ရယူ ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုနှင့် အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများချမှတ်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၃.၃**

၄၄။ သတင်းပို့အဖွဲ့အစည်းများ၏ လွှဲပြောင်းဆောင်ရွက်မှုများ စောင့်ကြည့်စစ်ဆေးမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုစနစ်များ ပိုမိုတိုးတက်လာစေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၃.၃.၁။** ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုနှင့် စာရင်းများကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာစောင့်ကြည့်စစ်ဆေးမည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၃.၃.၂။** ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်း(CDD)၊ တိုးမြှင့်အလေးထားစိစစ်ခြင်း (EDD)နှင့် သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု အန္တရာယ်ပြညွှန်းကိန်းနည်းပုံစံ (STR Red flag Indicator Typologies) ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၃.၃.၃။** ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ခေတ်မီနည်းပညာများ တိုးမြှင့်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၃.၃.၄။** မှတ်တမ်းထိန်းသိမ်းမှုစနစ် ပိုမိုတိုးတက်စေရန် သတင်းအချက်အလက်များ ထိန်းသိမ်းမှုစနစ် (Data-Based System) ထူထောင်ထားရှိမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၃.၄**

၄၅။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များအား ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်ရလဒ် များနှင့် ကိုက်ညီမှုရှိစေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၃.၄.၁။** ကဏ္ဍအလိုက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နည်းပညာ၊ ပစ္စည်း၊ ဝန်ဆောင်မှု အသစ်များမစတင်မီ သို့မဟုတ် အသုံးမပြုမီ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ခြင်းပြုလုပ်ခြင်း၊ လိုအပ်ပါက နည်းပညာ အကူအညီတောင်းခံခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၃.၄.၂။** သက်ဆိုင်ရာကဏ္ဍအလိုက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ အန္တရာယ်အကဲဖြတ်ချက်ရလဒ်များနှင့်အညီ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဝါဒနှင့်အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းအပေါ် နည်းပညာနှင့် အသိပညာများထောက်ပံ့မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

(ဂ) **မဟာဗျူဟာအစီအစဉ် ၃.၄.၃။** ကဏ္ဍအလိုက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ချက်ရလဒ်များနှင့်အညီ ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှု အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၃.၅**

၄၆။ အန္တရာယ်အခြေပြုချဉ်းကပ်ခြင်းဖြင့် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ်ရေး လုပ်ငန်းများ ပိုမိုတိုးတက်ခိုင်မာစေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၃.၅.၁။** သတင်းပေးပို့မှုနှင့် ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းလုပ်ငန်းစဉ်အပေါ် ကြီးကြပ်ခြင်းနှင့် တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၃.၅.၂။** သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနတွင်းငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၃.၅.၃။** ဌာနတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး မူဝါဒနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် စစ်ဆေးကြပ်မတ်ခြင်းနှင့် ပျက်ကွက်မှုများအပေါ် အရေးယူဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၃.၅.၄။** ထိရောက်သည့် ကွင်းဆင်းစစ်ဆေးခြင်းနှင့် ရုံးထိုင်စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်း (On-site Inspection & off-site monitoring)ဖြင့် စစ်ဆေးကြပ်မတ်မည့် လုပ်ထုံးလုပ်နည်းနှင့်လက်စွဲများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ယင်းစစ်ဆေးမှုနှစ်မျိုးအကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် သတင်းဖလှယ်မှုစနစ်ထားရှိခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၃.၅.၅။** ကွင်းဆင်းစစ်ဆေးကြပ်မတ်မည့် အဖွဲ့များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( စ ) **မဟာဗျူဟာအစီအစဉ် ၃.၅.၆။** ကွင်းဆင်းစစ်ဆေးမည့် ကျွမ်းကျင်သည့်ဝန်ထမ်းများ တိုးချဲ့ခန့်အပ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) **မဟာဗျူဟာအစီအစဉ် ၃.၅.၇။** နိုင်ငံခြားလုပ်ငန်းခွဲများနှင့် လက်အောက်ခံလုပ်ငန်းများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ ပြန်လည်သုံးသပ်၍ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း။

( ဇ ) **မဟာဗျူဟာအစီအစဉ် ၃.၅.၈။** နိုင်ငံရပ်ခြားလုပ်ငန်းခွဲများ၊ လက်အောက်ခံလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအား စောင့်ကြည့် စစ်ဆေးနိုင်မည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) **မဟာဗျူဟာအစီအစဉ် ၃.၅.၉။** ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များ၏ သက်ဆိုင်ရာ နယ်ပယ်အလိုက် AML/ CFT ကြပ်မတ်ကွပ်ကဲမှုနှင့် ကြီးကြပ်စစ်ဆေးမှုများအား ဆုံးရှုံးနိုင်ခြေအန္တရာယ် အခြေပြု ချဉ်းကပ်စစ်ဆေးသည့် လက်စွဲများ၊ နည်းလမ်းများ အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

(ည) **မဟာဗျူဟာအစီအစဉ် ၃.၅.၁၀။** ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များ၏ သက်ဆိုင်ရာနယ်ပယ်အလိုက် AML/CFT ကြပ်မတ်ကွပ်ကဲမှုနှင့်ကြီးကြပ်စစ်ဆေးမှုများအား ဆုံးရှုံးနိုင်ခြေအန္တရာယ်အခြေပြု ချဉ်းကပ်စစ်ဆေးသည့်လက်စွဲများ၊ နည်းလမ်းများ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

**မဟာဗျူဟာရည်မှန်းချက် ၃.၆**

၄၇။ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများရှိ ဝန်ထမ်းများ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်မြင့်မားပြီး အဂတိလိုက်စားမှု ကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၃.၆.၁။** ဝန်ထမ်းများအား တာဝန်ပေးအပ်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၃.၆.၂။** ကျင့်ဝတ် (Code of Conduct)များ ရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၃.၆.၃။** ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၃.၆.၄။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အရေးယူဆောင်ရွက်မည့် အစီအမံများ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

## မဟာဗျူဟာနယ်ပယ်(၄)

## ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုဆိုင်ရာ မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များကို နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်း ခြင်းနှင့် စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲတင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများနှင့် ပတ်သက်သည့် စွမ်းရည်များမြှင့်တင်ရေး

**စိန်ခေါ်မှုများ**

၄၈။ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုတွင် အခွန်နှင့်အခွန်ဆိုင်ရာပြစ်မှုများ၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်စေသောပြစ်မှုများ၊ လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှုများနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများမှရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ (POC) သည် အများဆုံးဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းဖော်ထုတ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲတင်ခြင်းနှင့် ပြစ်ဒဏ် ချမှတ်ချမှတ်ခြင်း တရားမဝင်ပိုင်ဆိုင်မှုပစ္စည်းများ သိမ်းဆည်းခြင်းလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ပိုင်ခွင့် များ၊ ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ ဖြည့်ဆည်းရန်လိုအပ်ပါသည်။ နယ်စပ်ဒေသ၌ လူနှင့်ပစ္စည်းများ ဝင်ထွက်သွားလာမှုကို စောင့်ကြည့် စစ်ဆေးရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အရင်းအမြစ်များ၊ အသိပညာများ၊ လေ့ကျင့် သင်ကြားမှုများ လိုအပ်ပါသည်။

**မဟာဗျူဟာရည်မှန်းချက် ၄.၁**

၄၉။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲတင်ခြင်း၊ ပြစ်ဒဏ် ချမှတ်ခြင်း လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်−

(က) **မဟာဗျူဟာအစီအစဉ် ၄.၁.၁။** တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့်သက်ဆိုင်သော ပြစ်မှုများ အား စုံစမ်းစစ်ဆေးရာတွင် ငွေကြေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်း (Financial Investigation) ကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုသင်တန်းများ လေ့ကျင့်သင်ကြားပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၄.၁.၂။** ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများအား စုံစမ်းစစ်ဆေးရာတွင် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကိုပါ တစ်ပြိုင်နက်တည်း ဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၄.၁.၃။** တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများရှိ သင်တန်းကျောင်းများတွင် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပို့ချမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၄.၁.၄။** တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရန်အတွက် ပြည်ပသင်တန်းများ စေလွှတ်တက်ရောက်နိုင်ရေး အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၄.၁.၅။** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများ ပိုမိုရရှိစေရေးအတွက် စုံစမ်းစစ်ဆေးသူ အရာရှိများအား နိုင်ငံခြားတိုင်းပြည်များရှိ တရားဥပဒေ စိုးမိုးရေးအဖွဲ့အစည်းများသို့ ယာယီရွှေ့ပြောင်း ထမ်းဆောင်ရန်စေလွှတ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( စ ) **မဟာဗျူဟာအစီအစဉ် ၄.၁.၆။** လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော တရားဥပဒေစိုးမိုးရေးအရာရှိများတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရန်အတွက် လိုအပ်သည့်အရည်အချင်း ပြည့်စုံခြင်း ရှိ/ မရှိ (သို့မဟုတ်) လိုအပ်သည့် အရည်အချင်းနှင့် ပြည့်စုံသောဝန်ထမ်းများ တိုးချဲ့ခန့်ထားရန် လို၊ မလို တို့အား ဆုံးဖြတ်နိုင်ရန်အတွက် အရည်အချင်း စစ်ဆေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) **မဟာဗျူဟာအစီအစဉ် ၄.၁.၇။** တရားစွဲအဖွဲ့အစည်းများနှင့်တရားစီရင်ရေးအဖွဲ့အစည်းများအားငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ဇ ) **မဟာဗျူဟာအစီအစဉ် ၄.၁.၈။** အမှုတည်ဆောက်ရာတွင် အထောက်အထား ခိုင်မာစေရေးအတွက် အဆင့်ဆင့်ကြပ်မတ်မည့် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(ဈ) **မဟာဗျူဟာအစီအစဉ် ၄.၁.၉။** ငွေကြေးခဝါချမှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်မည့် ဌာန/ အဖွဲ့အစည်းများ လိုအပ်သလိုသတ်မှတ်ခြင်း၊

(ည) **မဟာဗျူဟာအစီအစဉ် ၄.၁.၁၀။** ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU)နှင့် သတင်းဖလှယ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ တာဝန်ခံဆက်ဆံရေးအရာရှိ (Contact Person) များ ခန့်အပ်ခြင်း၊

(ဋ) **မဟာဗျူဟာအစီအစဉ် ၄.၁.၁၁။** အထူးစုံစမ်းစစ်ဆေးရေး နည်းလမ်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အထောက်အကူပြုကိရိယာများ ဖြည့်ဆည်းနိုင်ရေးနှင့် လေ့ကျင့်သင်ကြားမည့် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

(ဌ) **မဟာဗျူဟာအစီအစဉ် ၄.၁.၁၂။** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုများ စုံစမ်းစစ်ဆေးရာတွင် လိုအပ်မည့် ခွင့်ပြုငွေ (ဘတ်ဂျက်) ရရှိရေးအတွက် စီမံဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၄.၂**

၅၀။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှုပစ္စည်းများ ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ဘဏ္ဍာသိမ်းဆည်းခြင်းလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၄.၂.၁။** တရားမဝင်ပိုင်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း၊ ဘဏ္ဍာသိမ်းဆည်းခြင်းများအတွက် ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၄.၂.၂။** ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ နိုင်ငံတကာနှင့်ပူးပေါင်း၍ ငွေကြေးနှင့် ပစ္စည်းသိမ်းဆည်းခြင်းဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၄.၂.၃။** တရားမဝင်ပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများ ပြန်လည်သိမ်းဆည်းခြင်း(Assest Recovery) ဆိုင်ရာကျွမ်းကျင်မှု သင်တန်းများပို့ချမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၄.၂.၄။** သိမ်းဆည်းရမိသည့် ငွေကြေးနှင့်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တစ်ရပ် (Assets Management System on Seizure) ထူထောင်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၄.၃**

၅၁။ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများ ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၄.၃.၁။** နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ပေးအပ်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၄.၃.၂။** ဝန်ထမ်းအင်အား တိုးမြှင့်ခြင်း၊ ခေတ်မီကိရိယာနှင့် နည်းပညာ (IT)များ အသုံးပြု ဆောင်ရွက်ရန် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၄.၃.၃။** တရားမဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသောကုန်ပစ္စည်းနှင့် ငွေကြေးသယ်ဆောင်မှုများအား အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ရွှေ့လျားအထူးစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၄.၃.၄။** နိုင်ငံတကာ သို့မဟုတ် နယ်စပ်ထိစပ်နေသော နိုင်ငံများရှိ အကောက်ခွန်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(င) **မဟာဗျူဟာအစီအစဉ် ၄.၃.၅။** နယ်စပ်ဒေသလုံခြုံရေးနှင့် စိစစ်ရေးလုပ်ငန်းများဆောင်ရွက်သည့် အဖွဲ့အစည်းများအလိုက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၄.၄**

၅၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၄.၄.၁။** ဝန်ထမ်းများ၏ လစာစရိတ်၊ ထောက်ပံ့ကြေးများ လုံလောက်စွာ ထောက်ပံ့နိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၄.၄.၂။** သက်ဆိုင်ရာ တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအလိုက် ဝန်ထမ်းများအတွက် လူမှုဖူလုံရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၄.၄.၃။** အဆင့်ဆင့်တာဝန်နှင့် လုပ်ပိုင်ခွင့်များ ခွဲဝေပေးအပ်ခြင်းနှင့် ကြီးကြပ်မည့်အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၄.၄.၄။** အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၄.၄.၅။** အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၄.၅**

၅၃။ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သောပြစ်မှုများ ကျူးလွန်ရာမှရရှိသော ငွေကြေးနှင့်ပစ္စည်း (POC)များ လျော့နည်းကျဆင်းစေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၄.၅.၁။** မှုခင်းကျဆင်းရေး မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၄.၅.၂။** ပြစ်မှုဖြစ်ပွားမှု၊ တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာသိမ်းဆည်းမှုဆိုင်ရာသတင်းအချက်အလက် ထိန်းသိမ်းမှုစနစ် (Data-Based System) ထူထောင်ထားရှိမည့် အစီအမံများချမှတ် ဆောင်ရွက်ခြင်း။

## မဟာဗျူဟာနယ်ပယ်(၅)

## ပြည်တွင်းပြည်ပပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရေး

**စိန်ခေါ်မှုများ**

၅၄။ ပြည်တွင်း ပြည်ပ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ၊ သတင်းပို့အဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဖလှယ်ရာတွင် ထိရောက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အပြန်အလှန်အကူအညီပေးရေး မူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု အားနည်းခြင်းကြောင့် လူနှင့်သက်သေခံပစ္စည်းများရယူနိုင်မှု အားနည်းခြင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုနှင့် အကောင်အထည်ဖော်မှု နည်းပါးခြင်းတို့ ဖော်ထုတ်ရရှိပါသည်။ ထို့အပြင် ကွန်ဗင်းရှင်းများကို လိုက်နာအကောင် အထည်ဖော်ဆောင်ရွက်မှုများ ကြန့်ကြာခြင်းကြောင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းမှုများရှိပါသည်။

**မဟာဗျူဟာရည်မှန်းချက် ၅.၁**

၅၅။ အစိုးရဌာနအဖွဲ့အစည်းများအကြား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမို တိုးတက်ကောင်းမွန်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၅.၁.၁။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)နှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်း များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ ရေးဆွဲ ဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၅.၁.၂။** တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းချက် (Financial Intelligence) ဖလှယ်ခြင်းများနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသိပညာမြှင့်တင်မည့် အစီအစဉ်များ ရေးဆွဲ ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၅.၁.၃။** သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ အတွက် စံလုပ်ထုံးလုပ်နည်း(SOP)များ ရေးဆွဲ ဖြန့်ဝေခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၅.၁.၄။** ဥပဒေရေးရာပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများ (LP)နှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ (LA) ၏ ဥပဒေလုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့အကြား ပူးပေါင်း ဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၅.၂**

၅၆။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၅.၂.၁။** နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန် နှစ်နိုင်ငံ၊ နိုင်ငံအများ သဘောတူစာချုပ်များချုပ်ဆို၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်မည့် ယန္တရားတစ်ရပ် ထူထောင်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၅.၂.၂။** နိုင်ငံတကာနှင့် ဆက်ဆံလျက်ရှိသော ကိုယ်စားလှယ်ဘဏ်များ (Correspondent Banks) အချင်းချင်း ညှိနှိုင်းဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၅.၂.၃။** နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသိပညာမြှင့်တင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းပြုလုပ်မည့် အစီအမံများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၅.၂.၄။** နိုင်ငံတကာ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသည့် Egmont Group အဖွဲ့သို့ ဝင်ရောက်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊

( င ) **မဟာဗျူဟာအစီအစဉ် ၅.၂.၅။** မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည့် အဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)၊ အာရှ-ပစိဖိတ်ဒေသတွင်း ပြစ်မှုကျူးလွန်ရာမှရရှိသောပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေး ကွန်ရက် (ARIN–AP) တို့မှတစ်ဆင့် Informal Channel အရ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် အသိပညာ ဖြန့်ဝေမည့် အစီအမံများချမှတ် ဆောင်ရွက်ခြင်း၊

( စ ) **မဟာဗျူဟာအစီအစဉ် ၅.၂.၆။** နိုင်ငံခြားတိုင်းပြည်များတွင် ရောက်ရှိနေသည့် ငွေကြေးနှင့်ပစ္စည်းများကို ပြန်လည်သိမ်းဆည်း နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ ရေးထိုးဆောင်ရွက်ခြင်း၊

(ဆ) **မဟာဗျူဟာအစီအစဉ် ၅.၂.၇။** တရားခံလွှဲပြောင်းရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်များ တိုးမြှင့်လက်မှတ် ရေးထိုးခြင်း၊

( ဇ ) **မဟာဗျူဟာအစီအစဉ် ၅.၂.၈။** နိုင်ငံခြားရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၅.၃**

၅၇။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်စေရန်-

(က) **မဟာဗျူဟာအစီအစဉ် ၅.၃.၁။** ငွေဆက်သားနှင့် ငွေကြေးအမြောက်အမြားကို နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းမှာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့ချနိုင်ရန်အတွက် ငွေကြေးနှင့်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ဆောင် သွားလာရာတွင် ထုတ်ဖော် ကြေညာသည့်စနစ်ကို တိုးတက်ခိုင်မာစေရန် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၅.၃.၂။** နယ်စပ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရာတွင် လူနှင့် သက်သေခံပစ္စည်းများ ရရှိနိုင်ရေး အတွက် သက်ဆိုင်ရာတပ်ဖွဲ့/ အဖွဲ့အစည်း/ ဌာနများအလိုက် နားလည်မှုစာချွန်လွှာ (MoUs) များ လက်မှတ်ရေးထိုးမှု တိုးမြှင့် ဆောင်ရွက်ခြင်း။

(ဂ) **မဟာဗျူဟာအစီအစဉ် ၅.၃.၃။** လူနှင့်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် ဝင်/ထွက် သွားလာမှုများအား အိမ်နီးချင်းနိုင်ငံများ နှင့်ပူးပေါင်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဃ) **မဟာဗျူဟာအစီအစဉ် ၅.၃.၄။** အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ နယ်စပ် ဆက်ဆံရေးရုံးများ တိုးမြှင့်ဖွင့်လှစ်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၅.၄**

၅၈။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၅.၄.၁။** ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်မည့် ယန္တရားတစ်ရပ် ထူထောင်ခြင်း၊

(ခ) **မဟာဗျူဟာအစီအစဉ် ၅.၄.၂။** ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး လုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(ဂ) **မဟာဗျူဟာအစီအစဉ် ၅.၄.၃။** ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဆိုင်ရာ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ သဘောတူစာချုပ်များ ချုပ်ဆိုခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၅.၄.၄။** နိုင်ငံတကာမှ အကူအညီ တောင်းခံခြင်း၊ သို့မဟုတ် ရယူခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြစ်မှုစီမံခန့်ခွဲမှုစနစ် (Case Management System) ထူထောင်ခြင်း။

**မဟာဗျူဟာရည်မှန်းချက် ၅.၅**

၅၉။ နိုင်ငံတကာစာချုပ်များနှင့် ကွန်ဗင်းရှင်းများကို လိုက်နာဆောင်ရွက်မှုများ ပိုမို တိုးတက်ကောင်းမွန်စေရန်–

(က) **မဟာဗျူဟာအစီအစဉ် ၅.၅.၁။** သက်ဆိုင်ရာကွန်ဗင်းရှင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းများ တိကျစွာ ဖော်ထုတ်သတ်မှတ်ခြင်း၊

( ခ ) **မဟာဗျူဟာအစီအစဉ် ၅.၅.၂။** အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အကောင်အထည်ဖော်ဆောင်မှု သုံးသပ်ရေး ဒုတိယစက်ဝန်းပြီးမြောက်အောင် ဆောင်ရွက်ခြင်း၊

( ဂ ) **မဟာဗျူဟာအစီအစဉ် ၅.၅.၃။** နိုင်ငံတကာစာချုပ်နှင့် ကွန်ဗင်းရှင်းများအား လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေအား ကြီးကြပ် စစ်ဆေးမည့် အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) **မဟာဗျူဟာအစီအစဉ် ၅.၅.၄။** သက်ဆိုင်ရာ အဖွဲ့အစည်းများအလိုက် ကွန်ဗင်းရှင်းပါ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ အသိပညာပေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ဆောင်ရွက်ခြင်း

၆၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)ပါ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏တာဝန်များတွင် "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားမဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ခြင်း" ဟုပါရှိပါသည်။ သို့ဖြစ်ရာ ဤအမျိုးသားအဆင့်မဟာဗျူဟာကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ မဟာဗျူဟာ နယ်ပယ်အလိုက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ သတ်မှတ်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့များဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) **မဟာဗျူဟာနယ်ပယ်(၁)။** "ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို မြန်မာနိုင်ငံတွင်ဖြစ်ပေါ်လျက်ရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး" အခန်းကဏ္ဍတွင် ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်ဦးဆောင်၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များ ပါဝင်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့ဖြင့် ကြီးကြပ် ဆောင်ရွက်မည်ဖြစ်ပါသည်။

( ခ ) **မဟာဗျူဟာနယ်ပယ်(၂)။** “ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး” အခန်းကဏ္ဍတွင် ဗဟိုအဖွဲ့တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ဦးဆောင်၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များ ပါဝင်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့ဖြင့် ကြီးကြပ် ဆောင်ရွက်မည်ဖြစ်ပါသည်။

( ဂ ) **မဟာဗျူဟာနယ်ပယ်(၃)။** “ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး” အခန်းကဏ္ဍတွင် ဗဟိုအဖွဲ့ အဖွဲ့ဝင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များပါဝင်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေး အဖွဲ့ဖြင့် ကြီးကြပ်ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) **မဟာဗျူဟာနယ်ပယ်(၄)** “ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ ငွေကြေးခဝါချမှု၊ ငွေကြေးခဝါချမှုဆိုင်ရာ မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ မှုနှင့် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များအား နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းခြင်းဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများနှင့် ပတ်သက်သည့်စွမ်းရည်များမြှင့်တင်ရေး” အခန်းကဏ္ဍတွင် ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဦးဆောင်၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များပါဝင်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့ဖြင့် ကြီးကြပ် ဆောင်ရွက်မည် ဖြစ်ပါသည်။

( င ) **မဟာဗျူဟာနယ်ပယ်(၅)** “ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရေး” အခန်းကဏ္ဍတွင် ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ဗဟိုအဖွဲ့ဝင်များပါဝင်သော မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့ဖြင့် ကြီးကြပ် ဆောင်ရွက်မည်ဖြစ်ပါသည်။

၆၁။ မဟာဗျူဟာအကောင်အထည်ဖော်မှု ကြီးကြပ်ရေးအဖွဲ့များသည် မဟာဗျူဟာ အကောင်အထည်ဖော်မှုကို အထူးကြပ်မတ်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲသည့် လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ အဖွဲ့များသည် မဟာဗျူဟာ အကောင်အထည်ဖော် တိုးတက်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ထံ ပုံမှန်အစီရင်ခံစာတင်ပြခြင်းနှင့် တစ်နှစ်တာလုပ်ငန်း အစီအစဉ်အတွက် သက်ဆိုင်ရာ နှစ်အလိုက် ဆောင်ရွက်ချက်များ ရေးဆွဲပြုစုခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၆၂။ မဟာဗျူဟာနယ်ပယ်တစ်ခုချင်းအလိုက် မဟာဗျူဟာရည်မှန်းချက်များနှင့် မဟာဗျူဟာအစီအစဉ်များအား နောက်ဆက်တွဲပါ အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက် (Action Plan) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့သည် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုများ ကျူးလွန်မှုဆိုင်ရာ နည်းလမ်းအသစ်များ၊ ခြိမ်းခြောက်မှုများ ပြောင်းလဲသွားပြီး ဆောင်ရွက်ရမည့် မဟာဗျူဟာအသစ်များ ထွက်ပေါ်လာသည်နှင့်အမျှ အချိန်ကာလနှင့် ကိုက်ညီမှုရှိစေရန် မဟာဗျူဟာအား ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

## နိဂုံး

၆၃။ ဤမဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်များ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲတင်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ ဘဏ္ဍာသိမ်းဆည်းခြင်းလုပ်ငန်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ပိုမို တိုးမြှင့် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# မဟာဗျူဟာအကောင်အထည်ဖော်မည့်လုပ်ငန်းစီမံချက် (Action Plan)

# မဟာဗျူဟာအကောင်အထည်ဖော်မည့်လုပ်ငန်းစီမံချက် (Action Plan)

**မဟာဗျူဟာနယ်ပယ်(၁)။ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို ဖော်ထုတ်ရရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့်ကိုက်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး။**

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁**<br>ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပြင်ဆင်ရန်။ | ၁.၁.၁<br>▪ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကို ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အကြံပြုချက်များ၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်းအပြန်အလှန် အကဲဖြတ်ချက် အစီရင်ခံစာ(MER)၊ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ (NRA)များနှင့် အညီသုံးသပ်ပြင်ဆင်ခြင်း။<br>• ပြည်ပတွင်ကျူးလွန်သည့် ငွေကြေးခဝါချမှု ဆိုင်ရာ မူလပြစ်မှုများနှင့် ယင်းပြစ်မှုကျူးလွန်ရာမှရရှိသော POC များအပေါ် စုံစမ်းစစ်ဆေးခြင်း၊ သိမ်းဆည်းခြင်းများ ဆောင်ရွက်နိုင်စေရန်ဖွင့်ဆိုခြင်း၊<br>▪ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာ **အထူးစုံစမ်းစစ်ဆေးသည့်** လုပ်ပိုင်ခွင့်များ ထည့်သွင်းပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ -၂၀၂၁ | **<u>တာဝန်ခံဌာန</u>**<br>AMLCB / MFIU<br><br>**<u>မိတ်ဖက်ဌာနများ</u>**<br>UAGO, AFCD, CBM, MPF, MOPF, SCU, IMF | ဥပဒေထုတ်ပြန်ခြင်း၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်<br>သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း<br>အတာများ |
|---|---|---|---|---|---|
| | ▪ ထိရောက်သည့် ပြစ်ဒဏ် ချမှတ်နိုင်ရေး ပြင်ဆင်ထည့်သွင်းခြင်း၊<br>▪ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေတွင် FIU အား FATF ၏ စံနှုန်းနှင့်အညီ Core & Key Functions များသာ ဆောင်ရွက်သည့် အဖွဲ့အစည်းအဖြစ်ပြဌာန်းခြင်း၊<br>▪ FIU ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ထည့်သွင်းခြင်း၊<br>▪ တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ အတွက် မူလပြစ်မှုနှင့် ငွေကြေးခဝါချမှုများ တစ်ပြိုင်နက်တည်း စုံစမ်းစစ်ဆေးနိုင်ရန် ပြင်ဆင်ခြင်း၊<br>▪ တရားမဝင် ပိုင်ဆိုင်မှုများအား ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်း၊ ဘဏ္ဍာသိမ်းဆည်းခြင်း ဆိုင်ရာ လုပ်ပိုင်ခွင့်များထည့်သွင်းပြဌာန်းခြင်း၊<br>▪ ကြီးကြပ်ရေးအာဏာပိုင်များအတွက် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ်ခြင်း၊ အရေးယူခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ တိကျစွာ ထည့်သွင်းပြဌာန်းခြင်း၊<br>▪ လိုက်နာရန်ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများအပေါ် ထိရောက်ဟန့်တား အချိုးညီသည့် ပြစ်ဒဏ်ချမှတ်နိုင်ရန် လုပ်ပိုင်ခွင့် အပ်နှင်းခြင်း၊<br>▪ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်း | | | | |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်<br>သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း<br>အတာများ |
|---|---|---|---|---|---|
| | အချက်အလက်များ ရယူခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များ ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့၏ အကြံပြုချက် အမှတ် ၂၄ နှင့် ၂၅ ပါ အချက်များ ထည့်သွင်းသုံးသပ်ခြင်း၊<br>▪ FATF မှ သတ်မှတ်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်သောနိုင်ငံများနှင့်စပ်လျဉ်း၍ လိုက်နာ ဆောင်ရွက်ရမည့် အချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်း၊<br>▪ ပြစ်မှုကျူးလွန်သူ၏ အလားတူ တန်ဖိုးရှိသော ပစ္စည်းများ (correspondents value)ကို ဘဏ္ဍာ သိမ်းဆည်းနိုင်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များထည့်သွင်းခြင်း၊<br>▪ ငွေကြေးခဝါချမှုများအား စုံစမ်းစစ်ဆေးသည့် သီးခြား အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်းထားရှိရေး ပြဋ္ဌာန်းခြင်း၊ | | | | |
| | ၁.၁.၂<br>• ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ခြင်း၊ | ဦးစားပေး (၂) | ၂၀၂၀ – ၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB/ MFIU<br>**မိတ်ဖက်ဌာနများ**<br>UAGO, AFCD, CBM, MPF, MOPF, SCU, IMF | နည်းဥပဒေ ထုတ်ပြန်ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၂**<br>ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းများ၊ ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် ပစ္စည်းသိမ်းဆည်းခြင်းများ ပိုမိုထိရောက်စေရန်အတွက် တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ၏ ဥပဒေ မူဘောင်များ တိုးတက်ခိုင်မာစေရန်။ | ၁.၂.၁<br>• အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ကုလသမဂ္ဂကွန်ဗင်းရှင်း (UNCAC)နှင့်အညီ ပြင်ဆင်ခြင်း၊ (တိုင်ကြားသူနှင့် သတင်းပေးသူကို အကာအကွယ်ပေးခြင်း၊ တိုင်ကြားစာပေးပို့ခြင်းဆိုင်ရာယန္တရား)<br>• တိုင်ကြားစာများကို စုံစမ်းစစ်ဆေးရာတွင် တိုင်ကြားစာပါ ဖော်ထုတ်တွေ့ရှိချက်များ အပြင် အဂတိလိုက်စားမှုဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်းများ တစ်ဆက်တည်းဆောင်ရွက်နိုင်မည့် လုပ်ပိုင်ခွင့်များထည့် သွင်းခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉ – ၂၀၂၀ | **တာဝန်ခံဌာန**<br>ACC<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU, AFCD, CBM, MOPF, BSI, SCU, | ဥပဒေ ပြင်ဆင်ပြီးစီးမှု၊ |
| | ၁.၂.၂<br>• အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေ ပြင်ဆင် ရေးဆွဲပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၂) | ၂၀၂၀ – ၂၀၂၁ | **တာဝန်ခံဌာန**<br>ACC<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU, AFCD, CBM, MOPF, BSI, SCU | နည်းဥပဒေ ထုတ်ပြန်ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၁.၂.၃<br>• သစ်တော နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MNREC<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | ဥပဒေရေးဆွဲပြဋ္ဌာန်း ပြီးစီးမှု၊ |
| | ၁.၂.၄<br>• သသ္တ၊ ဓာတ်သတ္တုထိန်းသိမ်းရေး နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MNREC<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | နည်းဥပဒေများ ရေးဆွဲ ပြဋ္ဌာန်း ပြီးစီးမှု၊ |
| | ၁.၂.၅<br>• အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေ ရေးဆွဲပြဋ္ဌာန်းခြင်း၊<br>• အခွန်ပြစ်မှုအား ရာဇဝတ်မှုဖြင့်အရေးယူနိုင်သည့်ပြဋ္ဌာန်းချက်များထည့်သွင်းခြင်း | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MOPF, IRD<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | ဥပဒေရေးဆွဲပြဋ္ဌာန်း ပြီးစီးမှု၊ |
| | ၁.၂.၆<br>• အခွန်ထမ်း လိုက်နာဆောင်ရွက်မှု တိုးတက်ရေး မဟာဗျူဟာရေးဆွဲခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MOPF, IRD<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | မဟာဗျူဟာ ရေးဆွဲပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၁.၂.၇<br>• ဝင်ငွေခွန်ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MOPF, IRD<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | ဥပဒေရေးဆွဲပြဋ္ဌာန်း ပြီးစီးမှု၊ |
| | ၁.၂.၈<br>• အကောက်ခွန်ဥပဒေ လုပ်ထုံးလုပ်နည်းများ သုံးသပ်ပြင်ဆင်ခြင်း၊<br>• AML/CFT ဆိုင်ရာ လိုအပ်ချက်များ ထည့်သွင်းပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MOPF, Customs<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU | ဥပဒေရေးဆွဲပြဋ္ဌာန်း ပြီးစီးမှု၊ |
| | ၁.၂.၉<br>• လောင်းကစားဥပဒေကိုသုံးသပ် ပြင်ဆင်ခြင်း၊<br>• ကာစီနိုနှင့်စပ်လျဉ်း၍ AML/CFT ဆိုင်ရာ လိုအပ်ချက်များ ထည့်သွင်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MPF<br>**မိတ်ဖက်ဌာနများ**<br>UAGO, MFIU, MOHT | ဥပဒေရေးဆွဲပြဋ္ဌာန်း ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၁.၂.၁၀<br>▪ သက်ဆိုင်ရာဌာနအလိုက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကျင့်ဝတ်များ ပြုစု ထုတ်ပြန်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ - ၂၀၂၂ | **တာဝန်ခံဌာန**<br>All Departments<br>**မိတ်ဖက်ဌာနများ**<br>UAGO | ကျင့်ဝတ်များ ထုတ်ပြန်ပြီးစီးမှု၊ |
| | ၁.၂.၁၁<br>• မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများတိုက်ဖျက်ရေး မဟာဗျူဟာ မူဘောင်များ ချမှတ်ခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉-၂၀၂၃ | **တာဝန်ခံဌာန**<br>CCDAC, DED<br>**မိတ်ဖက်ဌာနများ**<br>MOFA, MOBA, MOE, MOI, MOALI, MOHS, MSWRR, UN, NGO, INGO, CSO, CBOs, | မဟာဗျူဟာ ရေးဆွဲ ပြီးစီးမှု |
| | ၁.၂.၁၂<br>• မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉-၂၀၂၀ | **တာဝန်ခံဌာန**<br>CCDAC, DED<br>**မိတ်ဖက်ဌာနများ**<br>MPF, BSI, GAD, UAGO, Customs, MOALI, SCU, CBM, MOFA, OAGU, FDA, OJAG | နည်းဥပဒေများ ပြဋ္ဌာန်း ပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| --- | --- | --- | --- | --- | --- |
| | **၁.၂.၁၃**<br>• လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအား သုံးသပ်ပြင်ဆင်ရေးဆွဲခြင်း။ | ဦးစားပေး (၁) | ၂၀၁၉-၂၀၂၀ | **တာဝန်ခံဌာန**<br>ATIP, ATIPCB<br>**မိတ်ဖက်ဌာနများ**<br>UAGO, SCU, MFIU, AFCD | ဥပဒေသုံးသပ် ပြင်ဆင် ပြီးစီးမှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၁.၃**<br>အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ခိုင်မာစေရန်။ | **၁.၃.၁**<br>• အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း။<br>• လူအများအပြား သေကြေစေသည့် လက်နက်များ ပြန့်ပွားစေရန် ငွေကြေး ထောက်ပံ့မှုအား တိုက်ဖျက်ရေး ဆိုင်ရာ UNSCR ဆုံးဖြတ်ချက်များနှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအား အပြည့်အဝလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် လုပ်ပိုင်ခွင့် အပ်နှင်းသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းခြင်း၊ (အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်ခြင်း) | ဦးစားပေး (၁) | ၂၀၁၉-၂၀၂၁ | **တာဝန်ခံဌာန**<br>CCCT, DTC<br>**မိတ်ဖက်ဌာနများ**<br>MFIU, AFCD, UAGO, SCU | ဥပဒေသုံးသပ် ပြင်ဆင် ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း အတာများ |
|---|---|---|---|---|---|
| | ၁.၃.၂<br>• အကြမ်းဖက်မှု တိုက်ဖျက်ရေး နည်းဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉-၂၀၂၁ | **တာဝန်ခံဌာန**<br>CCCT, DTC<br>**မိတ်ဖက်ဌာနများ**<br>MPF,SCU,CBM,MOPF, UAGO, AFCD, MFIU, | နည်းဥပဒေများ ထုတ်ပြန် ပြီးစီးမှု၊ |
| | ၁.၃.၃<br>• ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ခြင်း၊<br>• အသင်းအဖွဲ့များကို အကြမ်းဖက်ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီ ထည့်သွင်းပြင်ဆင်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉-၂၀၂၁ | **တာဝန်ခံဌာန**<br>GAD<br>**မိတ်ဖက်ဌာနများ**<br>MFIU, AFCD, UAGO, SCU | |
| **မဟာဗျူဟာရည်မှန်းချက် ၁.၄**<br>ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက်ခိုင်မာစေရန်။ | ၁.၄.၁<br>• ကြီးကြပ်ရေးအာဏာပိုင်များအနေဖြင့် ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် AML/CFT ကြီးကြပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်ဖလှယ်ခြင်းစသည့် လုပ်ပိုင်ခွင့်များ အပ်နှင်းမည့် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MOPF, CBM, MFIU,<br>**မိတ်ဖက်ဌာနများ**<br>AFCD, UAGO, DNFBPs, | ပူးပေါင်းဆောင် ရွက်ရေး ဆိုင်ရာ မူဝါဒတစ်ရပ် အတည်ပြုနိုင် ခြင်း။ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၁.၄.၂<br>• ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ချက်အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် အားနည်းချက်များကို ပြန်လည်သုံးသပ်၍ လိုအပ်ပါက ဥပဒေကို ပြင်ဆင်ခြင်း။<br>• အထူးစုံစမ်းစစ်ဆေးသည့် နည်းလမ်းများ၊ ပစ္စည်းဖလှယ်ခြင်း၊ အပြန်အလှန်အကူအညီ ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ပြစ်မှုစီမံခန့်ခွဲသည့်အစီအမံ (Casemanagement) များ ထည့် သွင်းခြင်း၊<br>• ဗဟိုအာဏာပိုင်အဖွဲ့ သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သုံးသပ်ခြင်း၊ | ဦးစားပေး (၂) | ၂၀၂၀ - ၂၀၂၂ | **တာဝန်ခံဌာန**<br>DTC<br>**မိတ်ဖက်ဌာနများ**<br>MOFA, MOPF, MPF, CBM, MFIU, UAGO, | ဥပဒေပြင်ဆင်နိုင်မှု၊ |
| | ၁.၄.၃<br>• ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးရေး ကိစ္စများ ထိရောက်လျှင်မြန်စွာ ဆောင်ရွက်နိုင်ရန် အတွက် မူဝါဒများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခြင်း၊ | ဦးစားပေး (၂) | ၂၀၂၀ - ၂၀၂၂ | **တာဝန်ခံဌာန**<br>MOHA, DTC<br>**မိတ်ဖက်ဌာနများ**<br>MOFA, MOPF, MPF, CBM, MFIU, UAGO, | မူဝါဒများ ထုတ်ပြန်နိုင်ခြင်း။ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း အတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၅**<br><br>သတင်းပို့ အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်းနှင့် AML/CFT ဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ တိုးတက် ခိုင်မာစေရန်၊ | ၁.၅.၁<br>• ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ သတင်းပေးပို့ရမည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်စေရန် အတွက် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (DNFBPs) များအား လိုအပ်သလို သတင်းပို့အဖွဲ့ အစည်းအဖြစ် အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန် သတ်မှတ်ခြင်း။ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MOPF, CBM, MFIU, UAGO, AFCD | ထုတ်ပြန်ပြီးစီးမှု |
| | ၁.၅.၂<br>▪ ဆုံးရှုံးနိုင်ခြေအန္တရာယ်မြင့်သော နိုင်ငံများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် CDD ဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **<u>တာဝန်ခံဌာန</u>**<br>AMLCB, MOPF, CBM<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MFIU, AFCD, IMF | ထုတ်ပြန်ပြီးစီးမှု |
| | ၁.၅.၃<br>• ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုနှင့် ငွေစာရင်းများကို AML/CFT ဆိုင်ရာ စောင့်ကြည့် စစ်ဆေးမည့် လုပ်ထုံးလုပ်နည်းများ သုံးသပ် ပြင်ဆင်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၂ | **<u>တာဝန်ခံဌာန</u>**<br>AMLCB, MOPF, CBM<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MFIU, AFCD, IMF | ထုတ်ပြန်ပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | **၁.၅.၄**<br>• ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆိုင်ရာ ညွှန်ကြားချက်ကို ကဏ္ဍအလိုက် လက်တွေ့ဆောင်ရွက်နိုင်မည့် အဆင့်များနှင့် အသေးစိတ်ဖော်ပြချက်များပါဝင်သည့် လမ်းညွှန်ချက် ထုတ်ပြန်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၁ | **<u>တာဝန်ခံဌာန</u>**<br>AMLCB, MOPF, CBM<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MFIU, AFCD, IMF | ထုတ်ပြန်ပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၆**<br>ကြီးကြပ်ရေး အာဏာပိုင်များ၏ သတင်းပို့အဖွဲ့အစည်းများအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းကြီးကြပ်ရေးမူဘောင်များ တိုးတက်ခိုင်မာစေရန်။ | **၁.၆.၁**<br>• သတင်းပို့အဖွဲ့အစည်းအားလုံးအတွက် ကြီးကြပ်ရေးအာဏာပိုင်များ ခန့်အပ်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MOPF, MFIU, AFCD, CBM, IMF | သတ်မှတ်ပြီးစီးမှု၊ |
| | **၁.၆.၂**<br>• ကြီးကြပ်ရေးအာဏာပိုင်များအကြား AML/ CFT ကြီးကြပ်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းသော မူဝါဒတစ်ရပ်ထူထောင်ခြင်း၊ | ဦးစားပေး (၁) | ၂၀၁၉ – ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MOPF, MFIU, AFCD, CBM, IMF | မူဝါဒထုတ်ပြန်နိုင်မှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၁.၆.၃<br>• ကြီးကြပ်ရေးအာဏာပိုင်များ၏ နယ်ပယ်အလိုက် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်အခြေပြု ကြီးကြပ်စစ်ဆေးရေး လက်စွဲပြုစုခြင်း၊ | ဦးစားပေး (၂) | ၂၀၂၀ – ၂၀၂၂ | **တာဝန်ခံဌာန**<br>MOPF, CBM<br>**မိတ်ဖက်ဌာနများ**<br>IMF, MFIU, AFCD | လက်စွဲပြုစုပြီးစီးမှု၊ |
| | ၁.၆.၄<br>• အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ (၂၀၁၁)ကို ပြင်ဆင်ခြင်း၊<br>• အသေးစားငွေရေးကြေးရေးလုပ်ငန်းများအပေါ် ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီ ထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ – ၂၀၂၃ | **တာဝန်ခံဌာန**<br>MOPF<br>**မိတ်ဖက်ဌာနများ**<br>IMF, MFIU, CBM | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |
| | ၁.၆.၅<br>• အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ (၁၉၉၆) ကို ပြင်ဆင်ခြင်း၊<br>• အာမခံလုပ်ငန်းများအပေါ် ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီ ထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ – ၂၀၂၃ | **တာဝန်ခံဌာန**<br>MOPF<br>**မိတ်ဖက်ဌာနများ**<br>IMF, MFIU, CBM | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း အတာများ |
|---|---|---|---|---|---|
| | ၁.၆.၆<br>• ငွေတိုးချစားသူများ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်း၊<br>• ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီ ထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **တာဝန်ခံဌာန**<br>MOPF<br>**မိတ်ဖက်ဌာနများ**<br>IMF, FIU, CBM | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |
| | ၁.၆.၇<br>• ကာစီနိုလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ/ အမိန့်များထုတ်ပြန်ခြင်း၊<br>• ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီ ထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **တာဝန်ခံဌာန**<br>MPF<br>**မိတ်ဖက်ဌာနများ**<br>MOHT, MFIU, UAGO | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |
| | ၁.၆.၈<br>• အိမ်ခြံမြေဥပဒေတွင် ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့် အညီ ထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **တာဝန်ခံဌာန**<br>MREA<br>**မိတ်ဖက်ဌာနများ**<br>MFIU, UAGO | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | **၁.၆.၉**<br>▪ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းဥပဒေ သုံးသပ်ပြင်ဆင်ခြင်း၊<br>▪ ကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား AML/CFT စံနှုန်းများနှင့်အညီထည့်သွင်းခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **တာဝန်ခံဌာန**<br>MNREC<br>**မိတ်ဖက်ဌာနများ**<br>MFIU, UAGO | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |
| | **၁.၆.၁၀**<br>• ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိန်းချုပ်ရေးကို တင်းကြပ်စွာဆောင်ရွက်မည့် ဥပဒေများကို အခါအားလျော်စွာ ပြင်ဆင်ရေးဆွဲခြင်း။ | ဦးစားပေး (၃) | ၂၀၂၁-၂၀၂၃ | **တာဝန်ခံဌာန**<br>CBM, MOPF<br>**မိတ်ဖက်ဌာနများ**<br>MFIU, UAGO | ဥပဒေထုတ်ပြန်ပြီးစီးမှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၁.၇**<br>ဥပဒေရေးရာပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာသတင်းအချက်အလက်များပွင့်လင်းမြင်သာမှု ရှိစေရန်၊ | **၁.၇.၁**<br>• အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ ဖော်ထုတ်ခြင်း (Identification)၊ အတည်ပြုစိစစ်ခြင်း (Verification)၊ ထိန်းသိမ်းခြင်းနှင့် ပေးအပ်ခြင်းဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း။ | ဦးစားပေး (၁) | ၂၀၁၉ - ၂၀၂၂ | **တာဝန်ခံဌာန**<br>CBM, DICA, DNFBPs, UAGO, MOPF<br>**မိတ်ဖက်ဌာနများ**<br>MFIU, AFCD, AMLCB | ထုတ်ပြန်ပြီးစီးမှု |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန် သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်း အတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၈**<br>ဘဏ်လုပ်ငန်းစနစ်ကို ပြည်သူလူထု ကျယ်ပြန့်စွာ အသုံးပြုလာစေခြင်းဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ လွှဲပြောင်းဆောင်ရွက်မှုများ စောင့်ကြပ်ကြည့်ရှုနိုင်စေရန်၊ | **၁.၈.၁**<br>• ငွေပေးချေခြင်းကို ပမာဏတစ်ခု သတ်မှတ်ပြီး ယင်းထက်ကျော်လွန်ပါက ငွေပေးချေရာတွင် ဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုစေရေး အတွက် စည်းမျဉ်းမူဘောင်များချမှတ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း။ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>CBM, MOPF<br>**<u>မိတ်ဖက်ဌာနများ</u>**<br>MFIU, AFCD, AMLCB | ထုတ်ပြန်ပြီးစီးမှု |
| **မဟာဗျူဟာရည်မှန်းချက် ၁.၉**<br>ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား ကြီးကြပ်ရေး အာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများမှ ပိုမိုသိရှိနားလည်စေရန်။ | **၁.၉.၁**<br>• အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များအား သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အသိပညာဖြန့်ဝေသည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>CBM, MOPF, MPF, FIU, AFCD | အသိပညာဖြန့်ဝေပြီးစီး မှု၊ |
| | **၁.၉.၂**<br>▪ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ချက်များအား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် (၅) နှစ်လျှင်တစ်ကြိမ် ဆောင်ရွက်ခြင်း။ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>CBM, MOPF, MPF, MFIU, AFCD | ဆောင်ရွက်ပြီးစီးမှု၊ |
| | **၁.၉.၃**<br>• အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ချက်ရလဒ်များကို အချိန်နှင့် တစ်ပြေးညီ ဖြန့်ဝေမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ | ဦးစားပေး (၂) | ၂၀၁၉ - ၂၀၂၃ | **<u>တာဝန်ခံဌာန</u>**<br>AMLCB<br>**<u>မိတ်ဖက်ဌာနများ</u>**<br>CBM, MOPF, MPF, FIU, AFCD | ဖြန့်ဝေပြီးစီးမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၁.၁၀**<br>တရားမဝင်ငွေလွှဲလုပ်ငန်းများကို အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်များ လျော့နည်းကျဆင်းစေရန်။ | ၁.၁၀.၁<br>• တရားမဝင် ငွေလွှဲလုပ်ငန်းများ ပပျောက်စေရန် စည်းကမ်းသတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းလိုင်စင်များချမှတ်ပြီး စနစ်တကျစိစစ်ကြပ်မတ်မည့် အစီအမံများချမှတ်ဆောင်ရွက်ခြင်း။ | ဦးစားပေး (၂) | ၂၀၂၀- ၂၀၂၁ | <u>**တာဝန်ခံဌာန**</u><br>CBM, MOPF<br><u>**မိတ်ဖက်ဌာနများ**</u><br>AMLCB, MPF, MFIU, AFCD | ဆောင်ရွက်ပြီးစီးမှု၊ |

## မဟာဗျူဟာနယ်ပယ် (၂)။ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရေး။

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၁**<br>ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား ခေတ်မီပြီး စွမ်းရည်ပြည့်ဝသည့် အဖွဲ့အစည်းဖြစ်အောင် ဖွဲ့စည်းတည်ထောင်ရန်။ | ၂.၁.၁<br>▪ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့အား စနစ်တကျပြင်ဆင်ဖွဲ့စည်းနိုင်ရန်အတွက် ဖွဲ့စည်းပုံ ရေးဆွဲဆောင်ရွက်ရန် အစီအမံများချမှတ်ဆောင်ရွက်ခြင်း။ | ဦးစားပေး(၂) | ၂၀၂၀-၂၀၂၂ | <u>**တာဝန်ခံဌာန**</u><br>AMLCB, MFIU<br><u>**မိတ်ဖက်ဌာန**</u><br>CBM, MOPF, UAGO, IMF, SCU | ဖွဲ့စည်းပုံပြီးစီးမှု၊ |
| | ၂.၁.၂<br>▪ ဖွဲ့စည်းပုံအင်အားအတိုင်း သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသူများဖြင့် အင်အား ဖြည့်တင်းခန့်ထားနိုင်ရေး စီမံဆောင်ရွက်ခြင်း၊<br>▪ ဝန်ထမ်းခံစားခွင့်များ တိုးမြှင့်ပေးခြင်း၊ | ဦးစားပေး(၃) | ၂၀၂၁-၂၀၂၃ | <u>**တာဝန်ခံဌာန**</u><br>AMLCB, MFIU<br><u>**မိတ်ဖက်ဌာန**</u><br>CBM, MOPF, UAGO, SCU | ဝန်ထမ်းခန့်အပ်မှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂**<br>ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းပို့ချက်များ လက်ခံမှုစနစ် ပိုမိုတိုးတက်စေရန်နှင့် သတင်းပို့ အဖွဲ့အစည်းများမှ ပေးပို့သော STR အရည်အသွေးများ ပိုမိုတိုးတက်ကောင်းမွန်စေရန်၊ | ၂.၂.၁<br>• စိစစ်ခြင်းနှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များ ဆက်သွယ်တောင်းခံရာတွင် မြန်ဆန်စေရန်အတွက် သတင်းပို့ အဖွဲ့အစည်းများ၊ အစိုးရဌာန အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ညွှန်ကြားချက်ထုတ်ပြန်ခြင်း။ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၃ | <u>**တာဝန်ခံဌာန**</u><br>AMLCB, MFIU<br><u>**မိတ်ဖက်ဌာန**</u><br>CBM, MOPF, UAGO, LEAs, SCU | သတင်းအချက်အလက်များ ရယူနိုင်မှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၂.၂.၂<br>• FIU Data-Based System ကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သည့် အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် စီမံဆောင်ရွက်ခြင်း၊ | ဦးစားပေး(၂) | ၂၀၂၀-၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF | Data-Based System ထူထောင်ပြီးစီးမှု |
| | ၂.၂.၃<br>• သတင်းပို့အဖွဲ့အစည်းများအား သတင်းပို့ရန် သတ်မှတ်ထားသည့် ပုံစံများ ဖြည့်စွက်မှုနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ရေး လုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊ | ဦးစားပေး(၃) | ၂၀၁၉-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF | အသိပညာ ဖြန့်ဝေပြီးစီးမှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၃**<br>ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၏ သတင်းပို့ချက်များ လက်ခံစိစစ်သည့် လုပ်ငန်းများ ပိုမိုတိုးတက်စေရန်၊ | ၂.၃.၁<br>• လက်ရှိတာဝန် ပေးအပ်ထားသူများအား သတင်းပို့ချက်များ စိစစ်ခြင်းနှင့် မဟာဗျူဟာမြောက် စိစစ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းပေးမည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊<br>• မဟာဗျူဟာမြောက် စိစစ်ခြင်းများ ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၁ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF, MPF, LEAs. BSI | သင်တန်းများ ပို့ချမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၂.၃.၂<br>• စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား စံပြု လုပ်ငန်းစဉ်များအတိုင်း လိုက်နာ အကောင် အထည်ဖော်ခြင်း၊ အခါအားလျော်စွာ ပြန်လည်ပြင်ဆင်မွမ်းမံခြင်း၊ | ဦးစားပေး(၃) | ၂၀၂၁-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM,MOPF, AFCD, IMF | စိစစ်မှုများ ပိုမိုတိုးတက်မှု၊ |
| | ၂.၃.၃<br>• အီလက်ထရောနစ်နည်းဖြင့် စိစစ်နိုင်မည့် အရင်းအမြစ်များ ထူထောင်ခြင်း။<br>• စိစစ်ရာတွင် လိုအပ်မည့် Software နှင့် နည်းစနစ်များ ရှာဖွေ တင်ပြခြင်း၊<br>• အီလက်ထရောနစ် နည်းလမ်းဖြင့် စိစစ်နိုင်ရေး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ အဆင့်ဆင့် စီမံဆောင်ရွက်ခြင်း၊ | ဦးစားပေး(၂) | ၂၀၂၀-၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF | စိစစ်မှုများ ပိုမိုတိုးတက်မှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၄**<br>စိစစ်ချက်ရလဒ် ဖြန့်ဝေခြင်းလုပ်ငန်းများ ပိုမိုတိုးတက်စေရန်၊ | ၂.၄.၁<br>• သက်ဆိုင်ရာဌာနအဖွဲ့အစည်းများထံ သတင်း ပို့ချက်များ စိစစ်မှုရလဒ် ဖြန့်ဝေထားရှိမှု မှတ်တမ်းမှတ်ရာများ စနစ်တကျ ထားရှိ နိုင်ရေး စီမံဆောင်ရွက်ခြင်း။ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၁ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF, MPF, ACC, Custom, LEAs. | မှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းနိုင်မှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၂.၄.၂<br>• သတင်းပို့အဖွဲ့အစည်းများအား သတင်းပို့ချက် အရည်အသွေးဆိုင်ရာတုံ့ပြန်ချက် (Feedback) များပေးပို့ရန် ညှိနှိုင်းကြပ်မတ်ဆောင် ရွက်ခြင်း၊ | ဦးစားပေး(၂) | ၂၀၂၀-၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF, MPF, ACC,Custom,LEAs | သတင်းအချက်အလက် ရရှိနိုင်မှု၊ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၅**<br>သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန်၊ | ၂.၅.၁<br>• ဆက်ဆံရေးအရာရှိများ သတ်မှတ်တာဝန် ပေးအပ်ခြင်းနှင့် ပုံမှန်ဆက်သွယ်မှုများ ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, MPF, ACC, Customs, LEAs | ပူးပေါင်းဆောင်ရွက် နိုင်မှု၊ |
| | ၂.၅.၂<br>• ကြီးကြပ်ရေးအာဏာပိုင်များထံ သတင်းပို့ချက်ပုံစံများ ပြည့်စုံစွာ ဖြည့်စွက်ပေးပို့နိုင်ရေး ညွှန်ကြားချက်ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၂) | ၂၀၂၀-၂၀၂၂ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, MPF, ACC, Customs, LEAs | သတင်းပို့ချက်များပိုမိုကောင်းမွန်စေမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| | ၂.၅.၃<br>• ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့ အဖွဲ့အစည်းများ အနည်းဆုံး (၃)လ တစ်ကြိမ်တွေ့ဆုံ၍ သတင်းပို့ချက် အရည်အသွေးပြည့်ဝစေရေး ဆွေးနွေးညှိနှိုင်းခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, MPF, ACC, Customs, LEAs | သတင်းပို့ချက်များပိုမိုကောင်းမွန်စေမှု၊ |
| | ၂.၅.၄<br>• သတင်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ်(Data-Based System)နှင့် အခြားခေတ်မီနည်းပညာပစ္စည်းများ အသုံးပြုနိုင်ရေးလုပ်ငန်းစနစ်များ ချမှတ် ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၃) | ၂၀၂၁-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, ACC, MPF, LEAs, IMF, AFCD, Customs | သတင်းပို့ချက်များပိုမိုကောင်းမွန်စေမှု၊ |
| | ၂.၅.၅<br>• ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့နှင့် နိုင်ငံတကာမှ မိတ်ဖက်အဖွဲ့အစည်းများ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့များအကြား နားလည်မှုစာချွန်လွှာများ တိုးမြှင့်ရေးထိုး ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၃) | ၂၀၁၉-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU<br>**မိတ်ဖက်ဌာန**<br>CBM, MOPF, AFCD, IMF | သတင်းပို့ချက်များပိုမိုကောင်းမွန်စေမှု၊ |

| မဟာဗျူဟာရည်မှန်းချက်များ | မဟာဗျူဟာအစီအစဉ်များ | ဦးစားပေးအဆင့် | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
|---|---|---|---|---|---|
| **မဟာဗျူဟာရည်မှန်းချက် ၂.၆**<br>FIU လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ဆက်စပ်ဌာနများအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ မြှင့်တင်စေရန်။ | ၂.၆.၁<br>• ကြီးကြပ်ရေးအာဏာပိုင်များအား AML/CFT ဆိုင်ရာအသိပညာ မြှင့်တင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊ | ဦးစားပေး(၁) | ၂၀၁၉-၂၀၂၃ | **တာဝန်ခံဌာန**<br>AMLCB, MFIU CBM<br>**မိတ်ဖက်ဌာန**<br>MOPF, IMF, AFCD, DNFBPs | သတင်းပို့ချက်များ ပိုမိုကောင်းမွန်စေမှု၊ |
